[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


**ဇန္နဝါရီလ ၃၁ ရက်၊ ၂၀၂၄ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇန္နဝါရီလ ၁၅-၂၈ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| **စဉ်** | | **ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇန္နဝါရီလ ၁၄ ရက်၊ ၂၀၂၄** | **ဇန္နဝါရီလ ၁၅-၂၈ ရက်၊ ၂၀၂၄** | **စုစုပေါင်း** |
|---|---|---|---|---|
| **၁** | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၉၄ | ၁ | ၄၉၆ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၃ | | ၃၇၃ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၅၂၅ | ၁ | ၅၂၆ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၃၉၉ | ၁၀ | ၁၄၁၉ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၇ | ၃ | ၆၃၃ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၈၂ | | ၃၈၂ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ<br>ဇန္နဝါရီလ<br>၁၄ရက်နေ့ အထိ<br>၂၀၂၄** | **IDPs အသစ်<br>ဇန္နဝါရီလ ၁၅-၂၈<br>ရက်၊ ၂၀၂၄ ခုနှစ်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၈၂၆၁၅** | | **၂၈၂၆၁၅** |



စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇန်နဝါရီလ ၁၅-၂၈ ထိ၂၀၂၄ ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
Nam Thabet
ဖယ်ခုံ
မိုးဗြဲ
လွိုင်ကော်
ရှားတော
ဒီးမော့ဆို
ဖရူဆို
ဘောလခဲ
ရွာသစ်
ဖားဆောင်း
မော်ချီး
မယ်စဲ့
ကရင်ပြည်နယ်
ဘီပီ - ၉
# ၁
ဘီပီ - ၁၀
ဘီပီ - ၁၁
# ၂ ထိုင်းနိုင်ငံ
ဘီပီ - ၁၂
ဘီပီ - ၁၃
ဘီပီ - ၁၄
ဘီပီ - ၁၅
ဘီပီ - ၁၆
အညွှန်း
မြို့နယ်
ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများ
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
လက်နက်ကြီးဖြင့် ပစ်ခတ်မှု
KA + KNDF + KNPLF + LPDF နှင့် စကစ တိုက်ပွဲနေရာများ
သိမ်းပိုက်ခြင်းခံ (သို့) ဆုတ်ခွာသွားသော တပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

**ဆုံးရှုံးမှုများနှင့် ရင်ဆိုင်လာနေသော စစ်ကောင်စီသည် ကရင်နီပြည်မြောက်ဘက်ကို ပစ်မှတ်ထားပြီး အရပ်သားများအား လေကြောင်းအပြင် လက်နက်ကြီးများဖြင့် တိုက်ခိုက်**

လွန်ခဲ့သောနှစ်ပတ်အတွင်း စစ်ကောင်စီတပ်များသည် ၎င်းတို့၏တပ်စခန်း ၅ ခုဆုံးရှုံးလိုက်ရသည်။ ရှားတောမြို့အနောက်ဘက်တွင် ရှိသော တပ်စခန်းတစ်ခုအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး နောက်ထပ် တစ်စခန်း ၄ ခုအား တပ်မှဆုတ်ခွါသွားခဲ့သည်။ ဆိုခွါသွားသော တစ်စခန်းများမှာ ထိုင်း–မြန်မာနယ်စပ်အနီးရှိ တပ်စခန်း ၃ ခုနှင့် မော်ချီးရှိ တပ်စခန်းများဖြစ်သည်။ စစ်ကောင်စီတပ်များသည် လက်တုန့်ပြန်သည့်အနေဖြင့် လွိုင်ကော်မြို့၊ ရှားတော၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်တို့တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများအား ပြုလုပ်နေသည့် အရပ်သားပြည်သူများ၏ အဆောက်အဦး ထိမှန်ပျက်စီးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်။ လွိုင်ကော်နှစ်ထပ်ဈေးအပါအဝင် အနီးတဝိုက်ရှိ ဈေးဆိုင်များအား စစ်ကောင်စီတပ်များမှ ဒရုန်းဖြင့် မီးလောင်ဗုံးများနှင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် မီးလောင်ပျက်စီးသွားခဲ့သည်။

ဇန်နဝါရီလ ၁၅ ရက်၊ ရှားတောမြို့တွင်ရှိသော စစ်ကောင်စီတပ်စခန်းနှစ်ခုအား ကရင်ပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်ပြီး ရှားတောမြို့အဝင် စစ်ကောင်စီတပ်စခန်းတစ်ခုအား သိမ်းပိုက်နိုင်ခဲ့ပြီး မြို့တွင်းတွင်ရှိသော စစ်ကောင်စီတပ်စခန်းတစ်ခုအား တိုက်ခိုက်သိမ်းပိုက်နိုင်ရန် ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲပြင်းထန်နေလျှက်ရှိသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်များ၏ လက်နက်ကြီးပစ်ခတ်မှုများကြောင့် သော်လည်းကောင်း၊ လေယဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သော်လည်းကောင်း၊ နေအိမ်များထိမှန်ပျက်စီးသွားခဲ့သည့်အပြင် မီးလောင်ပျက်စီးခြင်းများ ရှိသည်။

ဇန်နဝါရီလ ၂၀ ရက်၊ ညသန်းခေါင် ၁၂ နာရီ ၁၇ မိနစ်အချိန်တွင် စစ်ကောင်စီတပ်များမှ ဒီးမော့ဆိုအနောက်ဘက်ခြမ်း တစ်နေရာအား တိုက်ပွဲများဖြစ်ပွားခြင်းမရှိဘဲ လေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံးနှစ်လုံး ကြဲချသွားခဲ့သည့်အတွက် စစ်ဘေးရှောင်ပြည်သူများ၏ ရိက္ခာဂိုဒေါင် ထိမှန်ပျက်စီးသွားသည့်အပြင် နေအိမ်အချို့ထိမှန် ပျက်စီးသွားခဲ့သည်။

ဇန်နဝါရီလ ၂၂ ရက်၊ မိုးဗြဲမြို့အတွင်း နေရပ်ပြန်ကာ နေအိမ်သန့်ရှင်းရေးပြုလုပ်သော အသက် ၂၃ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး မြေမြုပ်မိုင်းနင်းမိကာ ခြေထောက်တစ်ဖက်နှင့် မျက်စိနှစ်ဖက်လုံး ဆုံးရှုံးခဲ့ရသည်။ ထိုတရက်အတွင်း နံနက်ပိုင်းတွင် စစ်ကောင်စီတပ်များမှ လွိုင်ကော်မြို့နယ် အရှေ့ခြမ်းသို့ လက်နက်ကြီး ၃ လုံးပစ်ခတ်ခဲ့သည့်အတွက် ကျောင်းသူ၊သားများ၏ ၂၀၂၃–၂၀၂၄ ခုနှစ် နောက်ဆုံးစာမေးပွဲဖြေဆိုမှုအား ရပ်တန့်သွားခဲ့ရသည်။ ထို့အပြင် ၁၀နာရီ စမိနစ်အချိန်တွင် ထိုင်း–ကရင်နီနယ်စပ် ဘီပီ ၉ အနီးတွင် ကရင်နီတပ်မတော်နှင့် တပ်စခန်း ၃ခုကနေ ဆုတ်ခွါသွားသော စစ်ကောင်စီတပ်တို့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ သည့်အပြင် ညနေ ၆နာရီ ၄၅ မိနစ်အချိန်တွင် ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ်မှ ကျေးရွာတစ်ရွာအား စစ်ကောင်စီတပ်များမှ လေယာဉ်နှင့် ပေါင် ၅၀၀ ဗုံးဖြင့် သုံးလုံး ကြဲချ၍ ကရင်နီပြည်နယ်မှ စစ်ဘေးရှောင်ပြည်သူတစ်ဦး ထိမှန်သေဆုံးသွားခဲ့သည့်ပြီး ရွာခံနှစ်ဦး ထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။



စကစဒရုန်းဖြင့် မီးလောင်ဗုံးများနှင့် တိုက်ခိုက်၊ လွိုင်ကော်မြို့



မော်ချီးရှိ စကစ တပ်စခန်းအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ မီးရှို့ဖျက်ဆီး

ဇန်နဝါရီလ ၂၅ ရက်၊ စစ်ကောင်စီတပ်များမှ ဒရုန်းများအသုံးပြုပြီး လွိုင်ကော်မြို့အား မီးလောင်းဗုံးများဖြင့် ကြဲချသည့်အတွက် လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ နှစ်ထပ်ဈေးနှင့် အနီးတဝိုက်ရှိဈေးဆိုင်အား မီးလောင်ပျက်စီးသွားခဲ့သည်။

ဇန်နဝါရီလ ၂၆ ရက်၊ နံနက် ၁၀ နာရီအချိန်တွင် ဖရူဆိုမြို့နယ်၊ ထီးကလူဒေါသို့ နေအိမ်ခြံသန့်ရှင်းရေး ပြန်လည်လုပ်ဆောင်နေသည့် ရွာသားများအား စစ်ကောင်စီတပ် ခမရ ၅၃၁ မှ ဒရုန်းဖြင့်ကင်းထေထာက်ကာ လက်နက်ကြီး ၃ လုံးဖြင့် ပစ်ခတ်ခဲ့သည်။ တိုတရက်တည်းအတွင်း ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသတွင် ရှိသော စစ်ကောင်စီတပ်စခန်းမှ စစ်ကောင်စီတပ်သားများသည် တပ်မှဆုတ်ခွါသွားခဲ့ပြီး ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ သိမ်းပိုက်ခဲ့သည်။

**ontact persons:**
Khu Ko Reh Tel: +66 6 5329 7814

ebsite : [www.karennicsn.org](http://www.karennicsn.org)
Facebook: https://www.facebook.com/kcsnengbur
Email: [kcsn2010@gmail.com](mailto:kcsn2010@gmail.com)